(၂) **မြေပဲပင်ရင်းပုပ်ရောဂါ (Collar rot)**

**ရောဂါဖြစ်စေသက်ရှိ** - ***Aspergillus niger* Tiegh.**

**ရောဂါလက္ခဏာ**များ

အပင်ငယ်စဉ်တွင်မြေပြင်နှင့်ကပ်နေသော ပင်စည်ပိုင်းတွင် အနာကွက်ဖြစ်ပြီး အညိုရင့် (သို့မဟုတ်) အမဲရောင်စပိုးများကို တွေ့ရသည်။ အပင်ကြီးလာပါက အပင်ရင်းပုပ်ဆွေးပြီး အမဲရောင်စပိုးများနှင့်ဖုံးအုပ်နေပြီး အရွက်များခြောက်၍ ကြွေကျသွားသည်။ မြေပဲတောင့်တွင်ကျရောက်ပါက အတောင့်ပေါ်တွင် အမဲရောင်မှို ကွက်များဖြစ်ပေါ် ပြီး အတောင့်ပုပ်သွားသည်။ ရောဂါဖြစ်စေသောမှိုသည် အစေ့နှင့်ပျိုးပင်ပေါက်လေးများကိုလည်း တိုက်ခိုက်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- မျိုးစေ့များကို မြေနက်နက်တွင်စိုက်ခြင်းဖြင့် ရောဂါရလွယ်စေသည့် အတွက် အတိမ်အနက်မှန်အောင် မျိုးစေ့ချစိုက်ပါ။
- ပေါင်းသင်ခြင်း၊ မြေတောင်မြှောက်ခြင်း ပြုလုပ်ရာတွင် အပင်များ ထိခိုက်ဒါဏ်ရာ မရရှိစေရန် ဆောင်ရွက်ပါ။
- မျိုးစေ့များကို မစိုက်ပျိုးမီ မျိုးစေ့လူးနယ် မှိုသတ်ဆေးတစ်မျိုးမျိုးနှင့်လူးနယ် စိုက်ပျိုးပါ။

- ရောဂါစတင်ကျရောက်ပါက ၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)၊  ၊ Chlorothalonil (ကလိုရိုသာလိုနေး)၊ Propoconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး) စသောမှိုသတ်ဆေးများကိုအသုံးပြုပက်ဖျန်းပါ။